NOVEL AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယို့)

(Chapter 186 - 205)

စာစဉ် – ၁၃

# Chapter-186

ယုံဖျင်အိမ်တော်...အနောက်ဘက်ခြံဝန်း..

တိတ်ဆိတ်ငြိမ်သက်သော ခြံဝန်းအတွင်းတွင် လုယွီက သူ၏မျက်လုံးများကိုမှိတ်၍ ပလ္လင်ခွေထိုင်နေသည်။သူ၏ခန္ဓာကိုယ်ပတ်လည်တွင် လျှို့ဝှက်ဆန်းကြယ်သည့်ကျန်းချီများ အဆတ်မပြတ်လှည့်ပတ်နေပြီး နောက်ဆုံးတွင် လုယွီ၏ဒန်တျန်အတွင်း၌ စုဝေးသွားသည်။

ခြံဝန်းတစ်ခုလုံး အားကောင်းသည့်ဆေးရနံ့များဖြင့် ပြည့်နှက်နေပြီး ရှူရှိုက်မိသည့်မည်သူမဆို လန်းဆန်းတတ်ကြွခြင်း ဖြစ်ပေါ်စေပေမည်။

ဒေါင်...

လုယွီ၏ခန္ဓာကိုယ်အတွင်းပိုင်းမှနေ၍ ဗုံတီးသံနှင့်တူညီသည့် အသံတစ်သံထွက်ပေါ်လာသည်။

လုယွီက ရုတ်တရက်ဆိုသလိုပင် သူ၏မျက်လုံးများကို ဖွင့်လိုက်၏။ထိုမျက်လုံးများက မီးပွင့်များကဲ့သို့ တောက်ပနေပေသည်။

"ဟူး...."

လုယွီက သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။သူ၏အသက်ရှူခြင်းမှနေ၍ သာမာန်မျက်လုံးဖြင့်ပင်မြင်နိုင်သည့် အဖြူ ရောင်အခိုးအငွေ့များ မျောလွင့်နေလေသည်။

လုယွီ၏ခန္ဓာကိုယ်အရေပြားမျက်နှာပြင်တွင် မမြင်နိုင်သည့်ရွှေရောင်အကာအကွယ်အလွှာတစ်ခုက မှိန်ပျပျဖြစ်ပေါ်နေသည်။နေရောင်ခြည်

အောက်တွင် ထိုအကာအကွယ်မှနေ၍ တောက်ပနေသည့်အလင်းတန်းများကို ထုတ်လွှတ်ပေးနေသည်။

"နက္ခက်တာရာပြောင်းလဲခြင်းနယ်ပယ် ဒုတိယအဆင့်"

သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်နေသည့် ကျန်းချီများကိုအာရုံခံစားရင်း လုယွီက သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။

"ထိပ်တန်းအဆင့်ဆေးပြားအပြားနှစ်ဆယ်နဲ့ကြက်သွေးရောင်နတ်ဘုရားသစ်သီးအကုန်လုံး အသုံးပြုခဲ့တာတောင် ငါရဲ့ကျင့်ကြံမှုက အဆင့်ငယ်တစ်ဆင့်ပဲ မြဲကဲ့တတ်ပါလား"

လုယွီ၏မျက်ခုံးများ မသိမသာမြင့်တတ်သွားလေ၏။ယခုလက်ရှိအချိန်တွင် သူကိုယ်သူ အလွန်ဆင်းရဲမွဲတေသည်ဟု အမှန်တစ်ကယ်ပင်ခံစားနေရသည်။

သူ၏ယခင်ဘဝတွင်လည်း လုယွီသည် အပြည့်အဝဆင်းရဲမွဲတေသူဖြစ်ပေ၏။သူက မြောက်မြားစွာသည့် ကံကြမ္မာကောင်းများကိုကြုံတွေ့ပြီး စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းပြီးမှသာ မြေအောက်လောကတာအိုသခင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

သို့ရာတွင် လုယွီသည် ကောင်းကင်ဘုံအင်ပါယာ၏မှတ်ဉာဏ်များကို စုပ်ယူပြီးနောက်တွင် ကလန်ကြီးများမှတပည့်များသည် အစပထမတွင် သူထက်အဆင့်မြင့်မားကြောင်းကို သိရှိခဲ့လေသည်။သူတို့တွင် ကြွယ်ဝချမ်းသာပြီး ကုန်ဆုံးသွားမည်မဟုတ်သည့်အရင်းအမြစ်များ အလျှံပယ်ရှိနေပေသည်။

"ငါရဲ့စိတ်ဝိညာဉ်က ဒီနေရာမှာရှိနေပြီ...ငါရဲ့မဟာတာအိုက ထိခိုက်နေပေမယ့်....တစ်ကယ်လို့ ငါ့ရဲ့အထွက်အထိပ်အခြေအနေကို ပြန်ရောက်သွား

ပြီဆိုရင် ငါရဲ့မဟာတာအိုကိုလည်း အကုန်အစင်ထိန်းချုပ်နိုင်လိမ့်မယ်"

"ငါရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ထိုက်ကျိအမှတ်အသားကြောင့်သာမဟုတ်ရင် ငါရဲ့ကျင့်ကြံမှုတစ်ဆင့်ပြီးတစ်ဆင့်မြင့်တတ်ဖို့ကို စိုးရိမ်နေစရာမလိုဘူး…ဒါပေမယ့် ဒီအမှတ်အသားက ဖုံးကွယ်နေတဲ့ကံကောင်းခြင်းတစ်မျိုးလို့လည်း ယူဆနိုင်တယ်….ဒီထိုက်ကျိအမှတ်အသားရဲ့အကူအညီနဲ့ ငါရဲ့ကျန်းချီစုပ်ယူနှုန်းက နဂါးကိုးကောင်အာဏာရှင် ခန္ဓာကိုယ်နည်းစနစ်ကိုအသုံးပြုတုန်းကထက် ဆယ်ဆမကပိုမြန်လာတယ်"

"အခုက ငါထွက်ခွာဖို့ အချိန်ကျပြီထင်တယ်"

လုယွီက သူ၏ခွန်အားအလွန်နည်းပါးနေသေးသည်ကို ရှင်းရှင်းလင်းလင်း သိရှိပေသည်။သူ ကျွမ်းကျင်ခဲ့သည် မန္တန်များရွတ်ဆိုနိုင်ရန်အတွက် သူ၏ကျင့်ကြံမှုအား အဆင့်မြှင့်တင်ရန်လိုအပ်ပေသည်။

စစ်နတ်ဘုရားဂိုဏ်းမှ မဟာအကြီးအကဲသည် လွန်စွာအသုံးမကျသည့်နည်းစနစ်များကို အသုံးပြုခြင်းနှင့် သူ၏ကျင့်ကြံဆင့်သည် ဆေးဝါးများအပေါ်မှီခို၍ ရရှိလာခြင်းသာမဟုတ်လျှင် လုယွီသည် အလွန်ခက်ခဲကြမ်းတမ်းသည့် တိုက်ပွဲတစ်ပွဲကို ဆင်နွှဲရမည်မှာ သေချာပေသည်။

လုယွီက အသက်ပြင်းပြင်းရှူထုတ်လိုက်ပြီးနောက် သူ၏အင်္ကျီလက်အတွင်းမှ သိုလှောင်အိတ်ကို ထုတ်ယူလိုက်သည်။

"ကျင့်ကြံမှုလမ်းကြောင်းမှာ စိတ်ဝိညာဉ်ရတနာတွေကို အသုံးပြုရင်တောင် အဆင့်တစ်ဆင့်တတ်ဖို့တောင်မှ အရမ်းခက်ခဲတာပဲ"

လုယွီက သူ၏စိတ်ဝိညာဉ်အာရုံကို သိုလှောင်အိတ်အတွင်းသို့ ထည့်သွင်းပြီး ယန်မီးတောက်ပန်းပွင့်ကိုထုတ်ယူလိုက်သည်။ထိုပန်းပွင့် ထွက်ပေါ်လာချိန်တွင် ပတ်ဝန်းကျင်ရှိလေထုတစ်ခုလုံး လောင်ကျွမ်းသွားသကဲ့ပူပြင်းနေ

လေ၏။

ယန်မီးတောက်ပန်းပွင့်၏မျက်နှာပြင်ပေါ်တွင် မီးတောက်ဘောလုံးငယ်လေးများလောင်ကျွမ်းနေပြီး ပတ်ဝန်းကျင်ရှိလေထုသည် ခြောက်ကပ်စပြုလာခဲ့သည်။

"ယန်မီးတောက်ပန်းပွင့်က အရမ်းအစွမ်းထက်ပြီး စိတ်ဝိညာဉ်ရတနာပစ္စည်းတွေကို ပြန်လည်ပြုပြင်ဖို့ အကောင်းဆုံးပစ္စည်းတစ်ခုပဲ"

လုယွီ၏လက်ဖဝါးအတွင်းတွင် ရုတ်တရက် ရွှေရောင်မီးတောက်တစ်ခုတောက်ပလာသည်။ထို့နောက် သူက ရုတ်ချည်းဆိုသလိုပင် ယန်မီးတောက်ပန်းပွင့်ကို ရွှေရောင်မီးတောက်အတွင်းသို့ ပစ်ထည့်လိုက်သည်။

ယန်မီးတောက်ပန်းပွင့်က မီးတောက်အတွင်းသို့ဝင်ရောက်သွားသည်နှင့်ရေအိုးအတွင်းသို့ပြုတ်ကျသွားသကဲ့သို့ ရှဲခနဲအသံထွက်ပေါ်လာသည်။ချက်ချင်းပင် မီးတောက်က စတင်၍တလိမ့်လိမ့်ထိုးတတ်လာခဲ့သည်။

လဖက်ရည်တစ်ခွက်ပြင်ဆင်စာ အချိန်ခန့်အကြာတွင်မူ ယန်မီးတောက်ပန်းပွင့်သည် တဖြည်းဖြည်းစတင်အရည်ပျော်လာသည်။လုယွီက အရည်ပျော်နေသည့် ယန်မီးတောက်ပန်းပွင့်ကို ဂရုတစိုက်ထိန်းချုပ်၍ သူ၏သိုလှောင်အိတ်အတွင်းသို့ ဖြည်းဖြည်းခြင်းလောင်းထည့်လိုက်သည်။

ဝီ....ဝီ....

သိုလှောင်အိတ်သည် ရုတ်တရက်တုန်ခါလာပြီး ၎င်း၏မျက်နှာပြင်မှနေ၍ ခမ်းနားထည်ဝါသည့်အရောင်များ ထုတ်လွှတ်ပေးနေသည်။

လုယွီ၏စိတ်ဝိညာဉ်အာရုံတွင် သူ၏သိုလှောင်အိတ်အတွင်းရှိ ကမ္ဘာငယ်လေးသည် အရည်အသွေးမြင့်တတ်လာသည်ကို ခံစားနေမိသည်။ယခင်က အပျက်အယွင်းများသာရှိသောနေရာများသည် တဖြည်းဖြည်းခြင်း

ပြန်လည်ပြုပြင်နေလေသည်။

ပူပြင်းသည့် ယန်စွမ်းအင်များက လေဟာနယ်အက်ကွဲကြောင်းများကို ဖာထေးနေသည်။တစ်ချို့ရောမအက်ကွဲကြောင်းကြီးများသည် သာမာန်မျက်စိဖြင့်ပင်မြင်နိုင်သည့်အရှိန်အဟုန်ဖြင့်ပင် အလျှင်အမြန်ပြန်လည်ကောင်းမွန်လာခဲ့သည်။

လေဟာနယ်မုန်တိုင်းများကိုလည်း ယန်စွမ်းအင်များက သက်ရောက်သွားပုံရပြီး ပြတ်တောင်းပြတ်တောင်း ရပ်တန့်သွားလေသည်။သို့သော် ဤနေရာ၌ လှည့်ပတ်တိုက်ခတ်နေသည့် လေလှိုင်းငယ်များ ကြွင်းကျန်နေပေသည်။

"အရမ်းသိမ်မွေ့တဲ့ယင်စွမ်းအင်ကသာ ဒီကမ္ဘာငယ်လေးကို အပြည့်အဝကောင်းမွန်အောင်လုပ်ဆောင်နိုင်မယ်"

လုယွီက ကူရာကယ်ရာမဲ့စွာဖြင့် သူ၏ဦးခေါင်းကို ခါယမ်းမိသည်။

***

## Chapter-187

"အနက်ရောင်အသူရာခန်းမက မှော်ရတနာပစ္စည်းတွေမှာ ရှန်းလင်းလုံက တံဆိပ်ခတ်နှိပ်ထားခဲ့တယ်....တစ်ကယ်လို့ ငါက အဲဒါတွေကို မဆင်မခြင်သွားယူမိရင်..သူမကို သတိပေးလိုက်သလိုဖြစ်မှာ ငါစိုးရိမ်မိတယ်"

"ရှန်းလင်းလုံ....အတိတ်မှာတုန်းက ငါရဲ့စိတ်ဝိညာဉ်ပြန့်ကျဲခဲ့ရတာတောင် သူမက သတိကြီးကြီးထားပြီး စောင့်ကြည့်နေတုန်းပဲ...ဘယ်လောက်တောင် ကောင်းတဲ့ စီစဉ်မှုလဲ"

လုယွီ၏မျက်လုံးများတွင် အေးစက်တင်းမာမှုများ ထင်ဟပ်လာပြီးနောက် သူ၏လက်သီးကို တင်းတင်းဆုပ်လိုက်သည်။

"ဒါပေမယ့် အခုလက်ရှိအချိန်မှာ ငါက ကမ္ဘာငယ်လေးတစ်ခုကိုပိုင်ဆိုင်ထားတယ်....ဒါကြောင့် စိတ်ဝိညာဉ်ရတနာပစ္စည်းတွေနဲ့ပတ်သတ်ပြီး တွေးတောနေစရာမလိုဘူး"

ထိုသို့စဉ်းစားပြီးသည်နှင့် လုယွီက ချက်ချင်းပင်မတ်တတ်ထရပ်၍ တံခါးကိုတွန်းဖွင့်လိုက်သည်။သူ၏စိတ်ဝိညာဉ်အာရုံမှနေ၍ ယုံဖျင်အိမ်တော်၏အပြင်ဘက်တွင် မြောက်မြားစွာသည့်အော်ရာများရှိနေသည်ကို အာရုံခံမိလေသည်။

***

ယုံဖျင်အိမ်တော်၏ပြင်ပ

"မင်းတို့အားလုံး......အရင်ဆုံး အပြင်ဘက်မှာခဏစောင့်ပါ"

တံခါးကိုစောင့်ကြပ်နေသည့် အစောင့်ကသူကိုယ်သူ သတ္တိမွေး၍ အားယူပြောလိုက်သည်။သူ၏နောက်ကျောများ ချမ်းစိမ့်နေသည်အထိပင် တုန်လှုပ်ချောက်ချားနေလေသည်။

ယုံဖျင်အိမ်တော်၏အရှေ့တွင် လူတစ်ရာခန့်ရှိသော လူအုပ်စုတစ်စုရှိနေသည်။ထိုလူအုပ်စုသည် အဖြူ ရောင်ဝတ်စုံများကို ဝတ်ဆင်ထားပြီး ကျင့်ကြံသူများ၏အပြုအမူများရှိနေသည်။သူတို့က အမျိုးသား အမျိုးသမီးအိုမင်းသူနှင့်ငယ်ရွယ်သူ အစုံအလင်ပါဝင်ပြီး သူတို့အားလုံး၏မျက်နှာများပေါ်တွင် လေးနက်သည့်အမူအယာများရှိနေသည်။သူတို့က ကောင်းကင်ယံမှ ဆင်းသက်လာကြခြင်းဖြစ်ပေ၏။

ယုံဖျင်အိမ်တော်တံခါးစောင့်များက သူတို့၏နှလုံးများ ရင်ဘတ်အတွင်းမှ ခုန်ထွက်သွားသကဲ့သို့ပင်ခံစားနေမိသည်။သိသာထင်ရှားစွာပင် ထိုသူများက အင်မော်တယ်များဖြစ်ကြသည်။

လုယွီက ချက်ချင်းပင် တံခါးကိုဖွင့်၍ ထွက်လာလေသည်။

"သခင်လေး"

လုယွီ ထွက်လာသည်ကိုမြင်သော အစောင့်များက အရိုအသေပြုလိုက်ကြသည်။

လုယွီက ဦးဆောင်လာသူကို တစ်ချက်ကြည့်ပြီး တည်ငြိမ်စွာဖြင့် မေးမြန်းလိုက်သည်။

"ခင်ဗျားတို့ ဆုံးဖြတ်ပြီးပြီလား"

ကျင့်ကြံသူခေါင်းဆောင်သည် အသက်ငယ်ရွယ်သူမဟုတ်ပေ။ သူ၏မုတ်ဆိတ်မွေးများပင် ဖြူ ဖွေးနေပြီး သူ၏လက်များကလည်း တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ထိုစကားကိုကြားသည်နှင့် အဖိုးအိုက လုယ္ဘီကို ဝေခွဲရခက်နေသည့်အမူအယာဖြင့်ကြည့်ရှုပြီး သက်ပြင်းမောကြီးကိုရှိုက်လိုက်လေ၏။

"ဟင်း....ငါက ရွှယ်ရန်....စစ်နတ်ဘုရားဂိုဏ်းက အကြီးအကဲတစ်ယောက်ပါ...စစ်နတ်ဘုရားဂိုဏ်းမှာ ကျန်ရှိနေတဲ့ တပည့်တွေကိုခေါ်ပြီး လုမိသားစုကို လာခဲ့တာပါ....စီနီယာလု စိတ်မရှိဖို့ ငါ မျှော်လင့်ပါတယ်"

လုယ္ဘီ၏မျက်ခုံးများ တွန့်ကွေးသွား၏။သူက ယခုနေရာ၌ရှိနေသော ကျင့်ကြံသူများကိုကြည့်၍ မေးမြန်းလိုက်သည်။

"ခင်ဗျားတို့ စစ်နတ်ဘုရားဂိုဏ်းမှာ လူဒီလောက်ပဲရှိတာလားဆိုတာ ငါ စိုးရိမ်မိတယ်"

ရွှယ်ရန်၏မျက်နှာပေါ်တွင် ခါးသည်းသောအပြုံးတစ်ခု ပေါ်ထွက်လာသည်။

"သူတို့တွေက သေမျိုးမိသားစုတစ်စုနဲ့ဆက်သွယ်ရမှာကိုသိသွားကြပြီး တစ်ချို့တွေက ဆန္ဒမရှိကြဘူး...လူအမြောက်အများက ဂိုဏ်းကိုစွန့်ခွာသွားကြတယ်"

"အဲဒါက ကောင်းပါတယ်...သူတို့က ထွက်ခွာသွားချင်နေမှတော့...ကျုပ်ကလည်း သူတို့ကိုမလိုအပ်ဘူး"

လုယ္ဘီက ကျင့်ကြံသူများကို ကြည့်ပြီး လေးနက်သောအသံဖြင့်ပြောဆိုလိုက်သည်။

"နားထောင်ကြစမ်း....ဒီပြဿနာက ခင်ဗျားတို့ရဲ့ ဂိုဏ်းခေါင်းဆောင်နဲ့ မဟာအကြီးအကဲကြောင့်ဖြစ်လာခဲ့တာ....ကျုပ်ရဲ့မကျေနပ်ချက်တွေက ခင်ဗျားနဲ့တော့ဘာမှမဆိုင်ဘူး....ဒါပေမယ့် စစ်နတ်ဘုရားဂိုဏ်းက ဆက်လက်တည်ရှိဖို့ဆန္ဒရှိနေတယ်ဆိုရင်တော့ ကျုပ်တို့လုမိသားစုရဲ့

လက်အောက်ခံအဖြစ်နေပေးရမယ်"

"ဒီနေ့ကနေစပြီး စစ်နတ်ဘုရားဂိုဏ်းရရှိတဲ့ အကျိုးအမြတ်တွေရဲ့ တစ်ဝက်တိတိကို လုမိသားစုကိုပေးရမယ်...နှစ်တိုင်း လုမိသားစုကနေ အဲ့ဒီအကျိုးအမြတ်တွေကိုစုဆောင်းဖို့ စစ်နတ်ဘုရားဂိုဏ်းကို လူလွှတ်မယ်...လုမိသားစုက လုံလောက်တဲ့အရည်အချင်းရှိသူတွေကို စစ်နတ်ဘုရားဂိုဏ်းက တာဝန်ယူသင်ကြားပေးရမယ်"

စစ်နတ်ဘုရားဂိုဏ်းမှကျင့်ကြံသူများသည် သူတို့၏စိတ်ကိုပြင်ဆင်ပြီးဖြစ်သော်လည်း လုယွီ၏စကားများကိုကြားချိန်တွင် သူတို့၏မျက်နှာအမူအယာများ ပျက်ယွင်းသွားကြသည်။ဤအခြေအနေသည် သူတို့အတွက် အလွန်ရက်စက်သည့်အနေအထားဖြစ်ပေသည်။

ရှယ်ရုန်၏မျက်နှာအမူအယာသည်လည်း ပျက်ယွင်းသွား၏။

"စီနီယာ လု....မင်း ပြောတဲ့အခြေအနေက....ငါတို့...."

"ကျုပ်က မတရားလုပ်တာလို့ ခင်ဗျားတို့ထင်နေတာလား"

လုယွီက သူတို့အားလုံးကို တစ်ချက်ကြည့်လိုက်သည်။

"ကျုပ်က ခင်ဗျားတို့ိကို လုမိသားစုရဲ့ပြင်ပကိုယ်စားလှယ်အဖြစ်နေခွင့်ပြုခဲ့တယ်...ကျွန်တွေအဖြစ်မဟုတ်ဘူး...ခင်ဗျားတို့ ကိုယ်တာဝန်ကိုကျေပွန်တာနဲ့ ကျုပ်ကလည်း ခင်ဗျားတို့ အကျိုးကျေးဇူးခံစားစေရမယ်လို့ ပြောနိုင်တယ်"

အကျိုးကျေးဇူးဟု ဆိုလိုက်သလော...

ကျင့်ကြံသူများသည် မယုံသင်္ကာဖြစ်သွားကြသည်။သူတို့က လုယွီ၏ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသည့်ခွန်အားကိုသိသော်လည်း သူ၌သူတို့ကိုဆွဲဆောင်နိုင်မည့်ပစ္စည်းမျိုးရှိနိုင်မည်မဟုတ်ဟု တွေးတောနေကြ

သည်။

"ခင်ဗျားတို့က ကျုပ်ကိုမယုံကြည်ကြဘူးလား"

လုယွီက သူ၏သိုလှောင်အိတ်အတွင်းမှ သစ်သားသေတ္တာတစ်လုံးကို ထုတ်ယူပြီး ရွှယ်ရှန်ထံသို့ ပေးလိုက်သည်။

ရွှယ်ရှန်က တုန်ရီနေသောလက်များဖြင့် သစ်သားသေတ္တာကိုဖွင့်လိုက်လေ၏။ချက်ချင်းပင် အားကောင်းသည့်ဆေးရနံ့က လေထဲတွင်ပျံ့နှံ့သွားသည်။

"ဒါက...."

ရွှယ်ရှန်၏မျက်လုံးများ မေးစင်းသွားပြီးနောက် သူ၏ခန္ဓာကိုယ် ရုတ်တရက် တုန်ရီလာခဲ့သည်။

"ထိပ်တန်းအဆင့်ဆေးပြား....ဒီဆေးပြားက လူတစ်ယောက်ရဲ့သက်တမ်းကို တိုးစေတဲ့ဟာပဲ"

ရွှယ်ရှန်၏မျက်လုံးများက တုန်လှုပ်မှုများဖြင့်ပြည့်နှက်နေသည်။

ကျင့်ကြံသူများက ထိုစကားများကိုကြားချိန်တွင် သူတို့သည်လည်း အလွန်အမင်းတုန်လှုပ်သွားကြ၏။

"အကြီးအကဲ ရွှယ်....ဒါက တစ်ကယ်ကို ထိပ်တန်းအဆင့်ဆေးပြားလား"

ကျင့်ကြံသူတစ်ယောက်က အလျှင်စလိုမေးမြန်းလိုက်၏။

"ငါ မမှားနိုင်ဘူး"

ရွှယ်ရှန်က သူ၏လက်အတွင်းရှိ ဆေးပြားကိုကြည့်လိုက်သည်။သူ့အတွက် ဤဆေးပြားက အလွန်အဖိုးတန်ပေသည်။

ရွှယ်ရှန်က အိုမင်းနေပြီး သူ၏အသက်စွမ်းအားများကင်းမဲ့နေပြီသာဖြစ်သည်။ထို့ကြောင့် ဤသက်ရှည်ဆေးပြားက သူ့အတွက် ပြည့်စုံသည့်

အရာတစ်ခုဖြစ်လေ၏။

"ခင်ဗျားတို့အားလုံးအတွက်လည်း ဆေးပြားတွေ ဒီမှာရှိတယ်...ခင်ဗျားတို့က လုမိသားစုအတွက် အလုပ်ကြိုးစားပေးမယ်ဆိုရင် ခင်ဗျားတို့ရရှိမယ့် ဆေးပြားတွေက အကြီးအကဲရွှယ်လက်ထဲက ဆေးပြားထက်ညံ့မှာမဟုတ်ဘူး"

လုယွီက သစ်သားသေတ္တာအပုံလိုက်ကို သူ၏သိုလှောင်အိတ်အတွင်းမှ ထပ်မံထုတ်ယူလိုက်သည်။

***